




မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် မနသ-၁၁၀/၉၇ ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာ လ ၂၄ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏အမည် ဦး ကျော်ကျော်စိန်

(ခ) အဘအမည် ဦး လှစိန်

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် အမ်ဝိုင် အေ-၁၁၆၂၉၈

(ဃ) နေရပ်လိပ်စာ ၂၉၉ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့် အဖွဲ့အစည်း ထူးမော်ကုမ္ပဏီလီမိတက်
(Htoo Maw Co., Ltd.)

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား ဟိုတယ်တည်ဆောက်ခြင်းနှင့်
ဟိုတယ်လုပ်ငန်း ဆောင်ရွက်ခြင်း

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) ဧ၇၁၀တီတိုင်း၊ ပုသိမ်မြို့နယ်
ချောင်းသာကမ်းခြေ၊ မြေကွက်အမှတ်(ဈ-၁၂)၊ ကွင်းအမှတ်(၁၉၉၀)

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) (၁၄.၇၉)သန်း
(ကျပ်တစ်ဆယ့်လေးသန်း ခုနှစ်သိန်းကိုးသောင်းခန့်)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
အမိန့် ကြော်ငြာစာအမှတ်၊ ၅၀/၉၇
ရန်ကုန်မြို့၊ ၁၃၅၉ ခုနှစ်၊ နတ်တော်လ ပြည့်ကျော် ၁၂ ရက်။
(၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ရက်)

၁။ မြန်မာကုမ္ပဏီ ဖြစ်သော ထူးမော် ကုမ္ပဏီ လီမိတက် (Htoo Maw Co., Ltd.)သည် ဧရာဝတီတိုင်း၊ ပုသိမ်မြို့နယ်၊ ချောင်းသာကျေးရွာအုပ်စု၊ ချောင်းသာကမ်းခြေ၊ ကွင်းအမှတ် ၁၉၉၀ (ချောင်းသာကွင်း)၊ မြေကွက်အမှတ် (၈၂-၁၂) ရှိ မြေ (၃.၁၀) ဧက (၁၂၅၄၅.၂၇ စတုရန်းမီတာ) တွင် နိုင်ငံတကာ အဆင့်မီ "ချောင်းသာဦး" ကမ်းခြေဟိုတယ် တည်ဆောက်၍ ဟိုတယ် လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ ဆောင်ရွက်ခွင့် ပြုပါရန် အဆိုပြု တင်ပြချက်အား (၅-၁၂-၉၇) နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၂၀/၉၇) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ ကော်မရှင်မှ မူအားဖြင့် သဘော တူညီခဲ့ပြီး၊ အစိုးရအဖွဲ့သို့ ဆက်လက် တင်ပြရန် ဆုံးဖြတ်ချက် နှင့် အညီ (၁၈-၁၂-၉၇) နေ့တွင် ကျင်းပ ပြုလုပ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ အဖွဲ့၏ (၅/၉၇) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ အစည်းအဝေးမှ သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက် အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၅)၊ ပုဒ်မ ၁၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ထူးမော် ကုမ္ပဏီ လီမိတက် (Htoo Maw Co., Ltd.)အား ဟိုတယ်တည်ဆောက်၍ လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့် အမှတ်၊ မနသ-၁၁၀/၉၇ ကို ထုတ်ပေးလိုက်သည်။

၂။ ထူးမော် ကုမ္ပဏီ လီမိတက် (Htoo Maw Co., Ltd.) အနေဖြင့် ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၇)၊ ပုဒ်မ ၁၂ အရ ဝန်ဆောင်မှု လုပ်ငန်း စတင်သောနှစ် အပါအဝင် တစ်ဆက်တည်း (၃) နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် နှင့် ဥပဒေ ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များ နှင့် အညီ အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုနိုင်ရန် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

(က) ဥပဒေ ပုဒ်မ ၁၃(က) အရ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သော နိုင်ငံခြားငွေ ပမာဏ အပေါ် မူတည်၍ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလအတွင်း နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံသည့် ပမာဏကို ဖော်ပြလျက် လုပ်ငန်း အကောင်အထည်ဖော်မှု အခြေအနေပေါ် မူတည်၍ ဤကော်မရှင်သို့ လျှောက်ထားရမည်။

(ခ) ဥပဒေ ပုဒ်မ ၁၃(ဂ) အရ ဝန်ဆောင်မှု လုပ်ငန်းကြောင့် သတ်မှတ်သည့် နှုန်းအထိ ပြည်တွင်း ပြည်ပ ဝင်ငွေတိုးတက်မှု ရှိပါက သတ်မှတ်ချက် နှင့် အညီ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီးသည့်အခါ လုပ်ငန်း အကောင်

လှည့်ရန်

အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(ဂ) ဥပဒေ ပုဒ်မ ၁၃(စ) အရ လုပ်ငန်းမှ ရရှိသည့် အမြတ်ငွေကို သီးသန့် ရန်ပုံငွေထား၍ တစ်နှစ်အတွင်း လုပ်ငန်း၌ ပြန်လည် ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေ အပေါ်တွင် ဝင်ငွေခွန် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့် ခံစားနိုင်ရန်အသွက် ပင်ငွေခွန် ကင်းလွတ်ခွင့် ကာလ ကုန်ဆုံးပြီး၍ အမှန်တကယ် ပြန်လည် ရင်းနှီးမြှုပ်နှံမှု ပြုသည့်အခါ လုပ်ငန်း အမှန်တကယ် အကောင် အထည် ဖော်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(ဃ) ဥပဒေ ပုဒ်မ ၁၃(ဆ) အရ လုပ်ငန်းသုံးမတည်ပစ္စည်းများအပေါ် တန်ဖိုးလျော့ငွေကို သတ်မှတ်သည့် နှုန်းအတိုင်း နှစ်တိုတို နှင့် မူလတန်ဖိုး ပြည့်မီသည်အထိ အမြတ်ငွေမှ နုတ်ပယ်ခွင့် နှင့် စပ်လျဉ်း၍ ယင်းတန်ဖိုး လျော့နှုန်းထားများကို ဤကော်မရှင်သို့ တင်ပြ လျှောက်ထား ရမည်။

(င) ဥပဒေ ပုဒ်မ ၁၃(ဇ) အရ ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလအတွင်း ပြည်တွင်း၌ မရရှိနိုင်သည့် အမှန် တကယ် လိုအပ်၍ ပြည်ပမှတင်သွင်းသော စက်ပစ္စည်း၊ စက်အရန်ပစ္စည်း၊ စက်ကိရိယာ အစိတ်အပိုင်း၊ လုပ်ငန်းသုံး ပစ္စည်းများအပေါ်တွင် အကောက်ခွန် နှင့် အခြား ပြည်တွင်း အခွန် အကောက်များကို ကင်းလွတ်ခွင့်ပြုသည်။

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ၁၃(ဇ)အရ ပြည်ပမှ တင်သွင်းသည့် စက်ပစ္စည်းများ နှင့် ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(က) နိုင်ငံခြားငွေ ရရှိပုံနည်းလမ်း (Source of Payments for Import) ဥပမာ – ပြည်ပတင်ပို့မှုမှ ဝင်ငွေ၊ ပြည်ပချေးငွေ (Loan and Credits)၊ ကုန်ပစ္စည်း ပြန်လည် ဝယ်ယူသည့်စံနစ် (Buy-back System) စသည်တို့ကို ဖော်ပြရန်။

(ခ) တင်သွင်းမည့် ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ စံချိန်စံညွှန်းများ၊ ဈေးနှုန်းများ သင့်မြတ်မှု စသည်တို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာ အသိအမှတ်ပြုထားသည့် စစ်ဆေးရေး ကိုယ်စားလှယ် (Inspection Agency) ၏ စစ်ဆေးမှုဖြင့် ဆောင်ရွက်ရန်။

(ဂ) စစ်ဆေးရေး ကိုယ်စားလှယ်၏ စစ်ဆေးပြီးကြောင်း အထောက်အထား (Inspection Certificate) ဖြင့် တင်သွင်းမည့် ပစ္စည်းအမျိုးအစား စာရင်း (Invoice and Packing List) များကို နိုင်ငံခြား မတည်ငွေရင်းတန်ဖိုး သတ်မှတ်ရေးအဖွဲ့ထံသို့ တင်ပြ၍ ထောက်ခံချက် ရယူရန်။

(ဃ) အထက်အပိုဒ် (က) ပါ နည်းလမ်းများဖြင့် ပြည်ပမှ ပစ္စည်းများ တင်သွင်းပြီး၊ ပြန်လည်ပေးဆပ်သည့်အခါ အဆိုပြုလုပ်ငန်းမှ ရရှိသည့် နိုင်ငံခြား ငွေဖြင့်သာ ပေးဆပ်ရန်။

၄။ ရင်းနှီးမြှုပ်နှံသူအနေဖြင့် မြေအသုံးပြုမှုနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရမှ မြေယာ နှင့် ပတ်သက်၍ သတ်မှတ် ပြဋ္ဌာန်းမည့် စည်းကမ်းသတ်မှတ်ချက်များကို တိကျစွာ လိုက်နာ ဆောင်ရွက်ရမည်။

၅။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက် ပြည်တွင်း အလုပ်သမားများ ခန့်ထားရာတွင် အလုပ်သမား ဝန်ကြီးဌာန၊ အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၆။ ထူးမော် ကုမ္ပဏီ လီမိတက် (Htoo Maw Co., Ltd.)သည် ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှု၊ မီးဘေးအန္တရာယ် စသည်များ မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှုထိန်းသိမ်း ကာကွယ်ရေး အစီအမံများကို ဝန်ခံဂတိ ပြုထားသည့် အတိုင်း စံနစ်တကျထားရှိ ဆောင်ရွက်ရမည်။

၇။ အဆိုပြုလုပ်ငန်း စတင်ဆောင်ရွက်သည့်နေ့ရက်ကို ဤကော်မရှင်သို့ အမြန်ဆုံး အစီရင်ခံရမည်။

၈။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့် နေ့မှစ၍ တစ်နှစ်အတွင်း အဆိုပြု လုပ်ငန်း စတင်ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီး ဖြစ်သည်ဟုမှတ်ယူရမည်။

အ မိန့် အ ရ –

(မိုလ်မှူးချုပ် မောင်မောင်)
အတွင်းရေးမှူး

စာအမှတ်၊ ရက–၁/မ–၁၇၈/၉၇ (၁၇၂၄)
ရက်စွဲ၊ ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ရက်။

ဖြန့်ဝေခြင်း–

၁။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌရုံး။
၂။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ရုံး။
၃။ အစိုးရအဖွဲ့ရုံး။
၄။ အမျိုးသား စီမံကိန်း နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန။

၅။ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန။
၆။ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။
၇။ လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန။
၈။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန။
၉။ အလုပ်သမား ဝန်ကြီးဌာန။
၁၀။ ဟိုတယ် နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန။
၁၁။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်။
၁၂။ ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်းတန်ဖိုး သတ်မှတ်ရေး အဖွဲ့ငယ်။ (ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်း စာရင်းအင်း နှင့် စစ်ဆေးရေး ဦးစီးဌာန။)
၁၃။ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန။
၁၄။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန။
၁၅။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်း အခွန်များ ဦးစီးဌာန။
၁၆။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အာမခံ လုပ်ငန်း။
၁၇။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လျှပ်စစ်ဓါတ်အား လုပ်ငန်း။
၁၈။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန။
၁၉။ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဦးစီးဌာန။
၂၀။ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန။
၂၁။ ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ် နှင့် ခရီးသွားလာရေး ညွှန်ကြားမှု ဦးစီးဌာန။
၂၂။ ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန။
၂၃။ ဥက္ကဋ္ဌ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း။
၂၄။ မန်နေးဂျင်း ဒါရိုက်တာ၊ ထူးမော် ကုမ္ပဏီ လီမိတက် (Htoo Maw Co., Ltd.)။

အ မိန့် အ ရ –

(မောင်မောင်ရီ)
တွဲဖက်အတွင်းရေးမှူး

၁၁၀/၉၇

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
၆၅၃/၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

Tel : 272052, 272870, 272912
Fax : 095-01-282101

စာအမှတ်၊ ရက-၁/မ-၁၇၈/၉၇ (၁၈၅၄)
ရက်စွဲ၊ ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်။

အကြောင်းအရာ။ **လုပ်ငန်းသုံးအတွက် မော်တော်ယာဉ်များ တင်သွင်းရန် ကိစ္စ။**

၁။ ထူးမော် ကုမ္ပဏီ လီမိတက် (Htoo Maw Co., Ltd.) မှ ဟိုတယ် တည်ဆောက်ခြင်းနှင့် ဟိုတယ် လုပ်ငန်း ဆောင်ရွက်ခွင့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၂၀/၉၇) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၂။ အဆိုပါအစည်းအဝေးမှ လုပ်ငန်းအတွက် မော်တော်ယာဉ်များ တင်သွင်းမှုနှင့်ပတ်သက်၍ တည်ဆောက်ရေး ကာလ အတွင်း Mini Bus 1(one) No. and Pick-up 1(one) No. တို့ကို အခွန်အကောက် ကင်းလွတ်ခွင့်ဖြင့် လည်းကောင်း၊ လုပ်ငန်း စတင်ဆောင်ရွက်သည့် အချိန်တွင် Mini Bus 1(one) No. and Pick-up 1(one) No. တို့ကို အခွန်အကောက် (၅၀)ရာခိုင်နှုန်း သက်သာခွင့်ဖြင့် လည်းကောင်း တင်သွင်းခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါဆုံးဖြတ်ချက်ကိုလိုအပ်သလို ဆောင်ရွက်နိုင်ရန်နှင့်မော်တော်ယာဉ်များ တင်သွင်းရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ သွင်းကုန်လိုင်စင် လျှောက်ထား ရယူရန် လိုအပ်ကြောင်း အကြောင်းကြားအပ်ပါသည်။

(မောင်မောင်ရီ)
တွဲဖက်အတွင်းရေးမှူး

မန်နေးဂျင်း ဒါရိုက်တာ
ထူးမော် ကုမ္ပဏီ လီမိတက်။

မိတ္တူကို -

(၁) စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။
(၂) ဘဏ္ဍာရေး နှင့် အခွန် ဝန်ကြီးဌာန။
(၃) ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်း တန်ဖိုး သတ်မှတ်ရေး အဖွဲ့ငယ် (ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်း စာရင်းအင်း နှင့် စစ်ဆေးရေး ဦးစီးဌာန)။
(၄) ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန။
(၅) ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန။
(၆) ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်း အခွန်များ ဦးစီးဌာန။

လက်ခံ ၁၁၃
လက်မှတ် -
အမည် - Kyi Kyi Myint.
ရာထူး - Secretary.
ရက်စွဲ - 13.1.98
phone - 245876

ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

စာအမှတ်၊ ၇၈-၁/မ-၀၂၉/၉၇(၁၅၇၈)။
ရက်စွဲ၊ ၁၉၉၇ နှစ်၊ ဒီဇင်ဘာလ ၁၂ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သို့
တင်ပြသည့်အမှာစာ

အကြောင်းအရာ။ ။ ထူးမော်ကုမ္ပဏီလီမိတက်မှ နိုင်ငံတကာအဆင့်မီ ``ချောင်းသာဦး``ကမ်း ခြေဟိုတယ်တည်ဆောက်၍ဟိုတယ်လုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်း ကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော ထူးမော်ကုမ္ပဏီလီမိတက် (Htoo Maw Co., Ltd) သည်၊ ပုသိမ်မြို့နယ်၊ ချောင်းသာကမ်း ခြေတွင်နိုင်ငံတကာအဆင့်မီ ချောင်းသာဦး ကမ်း ခြေဟိုတယ်တည် ဆောက်၍ဟိုတယ်လုပ်ငန်း ကိုမြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ရန်အဆိုပြုတင်ပြလာပါသည်။ ယင်းအဆိုပြုချက်ကို (၅-၁၂-၉၇) နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၀/၉၇) ကြိမ်မြောက် အစည်းအဝေး သို့တင်ပြခဲ့ရာ လုပ်ငန်း ဆောင်ရွက်ရန်မူအားဖြင့်သဘောတူပြီး အစိုးရအဖွဲ့သို့ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်အရ တင်ပြခြင်းဖြစ်ပါသည်။ အဆိုပြုချက်ကို <u>နောက်ဆက်တွဲ (၁)</u> အဖြစ် ပေးပို့ထားပါသည်။

၂။ ဤလုပ်ငန်း၏မတည်ငွေရင်း စုစုပေါင်း မှာ အမေရိကန်ဒေါ်လာ (၀.၀၃) သန်း အပါအဝင်ကျပ် (၁၄.၇၉) သန်း ဖြစ်ပါသည်။ ယင်းတွင် ငွေသား ကျပ် (၀.၅၂) သန်း၊ စက်ပစ္စည်း ကိရိယာတန်ဖိုး ကျပ် (၀.၂၀) သန်း [အမေရိကန်ဒေါ်လာ (၀.၀၃) သန်း]၊ အဆောက်အဦတန်ဖိုး ကျပ် (၁၃.၅၀) သန်းနှင့်

ပရိဘောဂနှင့်လုပ်ငန်းသုံး ပစ္စည်း တန်ဖိုး ကျပ် (၀.၅၇) သန်း ထည့်ဝင်ရင်းနှီး မည်ဖြစ်ပါသည်။ စက်ပစ္စည်း ကိရိယာတန်ဖိုး အမေရိကန်ဒေါ်လာ (၀.၀၃) သန်း ဖိုးကို မိမိအစီအစဉ်ဖြင့်တင်သွင်း မည်ဖြစ်ပါသည်။ စုစုပေါင်း ရင်းနှီး မြှုပ်နှံမှုတွင်အတိုး မဲ့အစုရှယ်ယာရှင်များချေး ငွေကျပ် (၄.၇၉) သန်း ပါဝင်ပါသည်။

၃။ ဤလုပ်ငန်းကို ဆောင်ရွက်ရန်အတွက်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှကုမ္ပဏီအမည်ဖြင့်အသုံးပြုခွင့်ပေးထားသော ပုသိမ်မြို့နယ်၊ ချောင်းသာကမ်းခြေ၊ မြေကွက်အမှတ် (ဈ-၁၂)၊ ကွင်းအမှတ် (၁၉၉၀) ချောင်းသာကွင်း ရှိမြေ (၃.၈) ဧက (၁၂၅၄၅.၂၇ စတုရန်းမီတာ) ပေါ်တွင်ဟိုတယ်တည် ဆောက်၍ ဟိုတယ်လုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ဤလုပ်ငန်းမှ ဆောက်သည့် (၅၈) ဦး တည်းခိုနိုင်သည့်အခန်း (၂၂) ခန်း ရှိမည့်တစ်ထပ်ဘန်ဂလို (၅) ဆောင် ဆောက်လုပ်မည်ဖြစ်ပါသည်။ တည်းခိုနိုင်သည့်နှုန်းကိုမြန်မာတည်းခိုသည်များ အတွက် (၇၀) ရာခိုင်နှုန်း၊ နိုင်ငံခြား တည်းခိုသည်များ အတွက် (၃၀) ရာခိုင်နှုန်းဖြင့်ခန့်မှန်း တွက်ချက်ထားပါသည်။ တည်းခိုခနှုန်းများမှာ ပုံမှန်နှစ်တွင် တစ်နေ့လျှင်ကျပ်ငွေဖြင့်ကျပ် (၁၁၅၀) နှုန်း ဖြင့်လည်းကောင်း၊ နိုင်ငံခြား ငွေဖြင့်အမေရိကန်ဒေါ်လာ (၃၇) နှုန်းဖြင့်လည်းကောင်း ခန့်မှန်း တွက်ချက်ထားပါသည်။

၅။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ကုမ္ပဏီမှပုံမှန်နှစ်တွင် ရရှိမည့်ဝင်ငွေနှင့်အသုံးစရိတ်ခန့်မှန်းခြေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(ကျပ်သန်း)

	ပြည်တွင်း	နိုင်ငံခြား	စုစုပေါင်း
(က) ဝင်ငွေ	၁၁.၅၈	၁.၁၀	၁၂.၆၈
(ခ) အသုံးစရိတ်	၁၀.၁၁	၀.၈၃	၁၀.၉၄
(ဂ) အသားတင်အမြတ်	၁.၄၇	၀.၂၇	၁.၇၄

၆။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်တွင် ရရှိမည့်အကျိုးအမြတ်ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က)	ဝင်ငွေခွန် (အမေရိကန်ဒေါ်လာသန်း)	၀.၀၂
	(ကျပ်သန်း)	၀.၆၃
(ခ)	ကုန်သွယ်လုပ်ငန်းခွန် (အမေရိကန်ဒေါ်လာသန်း)	၀.၀၂
	(ကျပ်သန်း)	၁.၀၉

၇။ ဤလုပ်ငန်းကို ဆောင်ရွက်ရန်ပြည်တွင်း မှ ဝန်ထမ်း (၂၅) ဦး ခန့်ထား ဆောင်ရွက်မည်ဖြစ်ပါသည်။

၈။ ဤလုပ်ငန်း ဆောင်ရွက်ရန်အတွက်ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနသို့သဘောထား မှတ်ချက်တောင်းခံရာ ကန့်ကွက်ရန်မရှိကြောင်း ပြန်ကြားလာပါသည်။

၉။ ဤလုပ်ငန်းကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများသာ လျှင်ပိုင်ဆိုင်သောလုပ်ငန်း ဖြစ်ပြီး နိုင်ငံခြားမှမည်သူမျှပိုင်ဆိုင်မှုမရှိကြောင်း ဝန်ခံကတိပြုထားပါသည်။

၁၀။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါအခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကိုခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားရေးလုပ်ငန်းစတင်သော နှစ်အပါအဝင်တဆက်တည်း (၃) နှစ်အတွက်ဝင်ငွေခွန်ကင်းလွတ်ခွင့်ပေးရမည် ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃ အရအခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များအနက်လုပ်ငန်းနှင့်သက်ဆိုင်သည့်အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကိုခံစားခွင့်ပြုရန် ကော်မရှင်မှ သို့နှိုင်း ဆုံးဖြတ်ခဲ့ပါသည်။

၁၁။ ဆုံးဖြတ်ရန်အချက်။

(က) ထူး မေဘ်ကုမ္ပဏီလီမိတက်မှ နိုင်ငံတကာအဆင့်မီ ``ချောင်းသာဦး ``ကမ်းခြေဟိုတယ်တည်ဆောက်၍ ဟိုတယ်လုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် သဘောတူ - မတူ။

(ခ) လုပ်ငန်း ဆောင်ရွက်ရန်လိုအပ်ပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၂ နှင့် ၁၃ ပါအခွန် ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ - မတူ။

၁၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ထောက်ခံချက်။

အစိုးရအဖွဲ့၏ဆုံးဖြတ်ချက်ကို နာခံအပ်ပါသည်။

[ဗိုလ်မှူးချုပ် မောင်မောင်]

ဝန်ကြီး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ဥက္ကဋ္ဌရုံး

နှင့်

အတွင်းရေးမှူး

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့။

* ရှ ၁၁/၁၂/၉၇။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ၇က-၆(ခ)/၀၂၃/၉၇(၁၄၀၆)
ရက်စွဲ၊ ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်

အမှာစာ

အကြောင်းအရာ။ ။ထူးမော်ကုမ္ပဏီလီမိတက်မှ နိုင်ငံတကာအဆင့်မီ ``ချောင်းသာဦး`` ကမ်းခြေဟိုတယ် တည်ဆောက်၍ ဟိုတယ်လုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော ထူးမော်ကုမ္ပဏီလီမိတက် (Htoo Maw Co., Ltd.) သည် ပုသိမ်မြို့နယ်၊ ချောင်းသာကမ်းခြေတွင် နိုင်ငံတကာအဆင့်မီ ချောင်းသာဦး ကမ်းခြေဟိုတယ်တည်ဆောက်၍ ဟိုတယ်လုပ်ငန်း ကိုမြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ရန်အဆိုပြုတင်ပြလာပါသည်။ ယင်း အဆိုပြုချက်ကို (၂၀-၁၁-၉၇) နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၀/၉၇) ကြိမ်မြောက်ကြိုတင်ညှိနှိုင်းအစည်းအဝေးသို့တင်ပြခဲ့ရာ ယင်းအစည်းအဝေးမှ လုပ်ငန်း ဆောင်ရွက်ရန်မူအားဖြင့် သဘောတူပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်အရတင်ပြခြင်း ဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ ငွေရေး ကြေးရေး ဆိုင်ရာအထောက်အထား များကို နောက်ဆက်တွဲ (၁) အဖြစ်တင်ပြထားပါသည်။

၂။ ဤလုပ်ငန်း၏မတည်ငွေရင်း စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ (၀.၀၃) သန်း အပါအဝင်ကျပ် (၁၄.၇၉) သန်း ဖြစ်ပါသည်။ ယင်းတွင် ငွေသားကျပ် (၀.၅၂) သန်း ၊ စက်ပစ္စည်း ကိရိယာတန်ဖိုး ကျပ် (၀.၂၀) သန်း [အမေရိကန်ဒေါ်လာ (၀.၀၃) သန်း]၊ အဆောက်အဦတန်ဖိုး ကျပ် (၁၃.၅၀) သန်း နှင့်ပရိဘောဂနှင့်လုပ်ငန်းသုံး ပစ္စည်း တန်ဖိုး ကျပ် (၀.၅၇) သန်း ထည့်ဝင်ရင်းနှီး မည်ဖြစ်ပါသည်။ စက်ပစ္စည်း ကိရိယာတန်ဖိုး အမေရိကန် ဒေါ်လာ (၀.၀၃) သန်း ဖိုး ကိုမိမိအစီအစဉ်ဖြင့်တင်သွင်း မည်ဖြစ်ပါသည်။ စုစုပေါင်း

ရင်း နှီး မြှုပ်နှံမှုတွင်အကျိုး မဲ့အစုရှယ်ယာရှင်များ ဈေး ငွေကျပ်(၄.၇၉)သန်း ပါဝင်ပါသည်။

၃။ ဤလုပ်ငန်း ကိုဆောင်ရွက်ရန်အတွက်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦး စီး ဌာနမှကုမ္ပဏီအမည်ဖြင့်အသုံး ပြုခွင့်ပေး ထား သော ပုသိမ်မြို့နယ်၊ချောင်း သာကမ်း ခြေ၊ မြေကွက်အမှတ်(ဈ-၁၂)၊ ကွင်း အမှတ်(၁၉၉၀) ချောင်း သာ ကွင်း ရှိမြေ(၃ .၁)ဧက(၁၂၅၄၅.၂၇စတုရန်း မီတာ) ပေါ်တွင်ဟိုတယ် တည် ဆောက်၍ဟိုတယ်လုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ဤလုပ်ငန်း မှ ညှိသည်(၅၈) ဦး တည်း ခိုနိုင်သည့်အခန်း(၂၂) ခန်း ရှိမည့်တစ်ထပ်ဘန်ဂလို(၅) ဆောင် ဆောက်လုပ်မည်ဖြစ်ပါသည်။ တည်း ခိုနိုင် သည့်နှုန်း ကိုမြန်မာ ညှိသည်များ အတွက်(၇၀) ရာခိုင်နှုန်း၊ နိုင်ငံခြား ညှိသည် များ အတွက်(၃၀) ရာခိုင်နှုန်း ဖြင့်ခန့်မှန်း တွက်ချက်ထား ပါသည်။ တည်း ခို ခ နှုန်း များ မှာပုံမှန်နှစ်တွင်တစ်နေ့လျှင်ကျပ်ငွေဖြင့်ကျပ်(၁၁၅၀) နှုန်း ဖြင့် လည်း ကောင်း ၊ နိုင်ငံခြား ငွေဖြင့်အမေရိကန်ဒေါ်လာ (၃၇) နှုန်းဖြင့်လည်း ကောင်း ခန့်မှန်း တွက်ချက်ထား ပါသည်။

၅။ ဤလုပ်ငန်း ကိုဆောင်ရွက်ခြင်း ဖြင့်ကုမ္ပဏီမှပုံမှန်နှစ်တွင်ရရှိ မည့်ဝင်ငွေနှင့်အသုံး စရိတ်ခန့်မှန်း ခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(ကျပ်သန်း)

		ပြည်တွင်း	နိုင်ငံခြား	စုစုပေါင်း
(က)	ဝင်ငွေ	၁၁.၅၀	၁.၁၀	၁၂.၆၀
(ခ)	အသုံး စရိတ်	၁၀.၁၁	၀.၈၃	၁၀.၉၄
(ဂ)	အသား တင်အမြတ်	၁.၄၇	၀.၂၇	၁.၇၄

၆။ ဤလုပ်ငန်း ကိုဆောင်ရွက်ခြင်း ဖြင့်ပုံမှန်နှစ်တွင်ရရှိမည့်အကျိုး အမြတ်ခန့်မှန်း ခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က)	ဝင်ငွေခွန်(အမေရိကန်ဒေါ်လာသန်း)		၀.၀၂
	။	(ကျပ်သန်း)	၀.၆၃
(ခ)	ကုန်သွယ်လုပ်ငန်းခွန်(အမေရိကန်ဒေါ်လာသန်း)		၀.၀၂
	။	(ကျပ်သန်း)	၁.၀၉

၇။ ဤလုပ်ငန်းကို ဆောင်ရွက်ရန် ပြည်တွင်းမှ ဝန်ထမ်း (၂၅) ဦး ခန့်ထား ဆောင်ရွက်မည်ဖြစ်ပါသည်။

၈။ ဤလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ငွေရေးကြေးရေးဆိုင်ရာ အထောက်အထားအဖြစ် ကုမ္ပဏီ၏ မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်ရှိ ဘဏ်စာရင်းကို တင်ပြထားပါသည်။

၉။ ဤလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် မော်တော်ယာဉ်တင်သွင်းခွင့်နှင့် ပတ်သက်၍ တည်ဆောက်ရေးကာလအတွင်း Mini Bus (၁) စီး၊ Pickup (၁) စီး တို့ကို အခွန်အကောက်ကင်းလွတ်ခွင့်ပြုပါရန်လည်းကောင်း၊ လုပ်ငန်းစတင်ဆောင်ရွက်ချိန်တွင် Mini Bus (၁) စီးနှင့် Pickup (၁) စီး တို့ကို အခွန်အကောက် (၅၀) ရာခိုင်နှုန်း သက်သာခွင့်ပြုပါရန်လည်းကောင်း၊ တင်သွင်းခွင့်ပြုရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၀/၉၇) ကြိမ်မြောက် ကြိုတင်ညှိနှိုင်းအစည်းအဝေးမှ ဆုံးဖြတ်ခဲ့ပါသည်။

၁၀။ ဤလုပ်ငန်း ဆောင်ရွက်ရန်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနသို့ သဘောထားမှတ်ချက် တောင်းခံထားဆဲဖြစ်ပါသည်။

၁၁။ ဤလုပ်ငန်းကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများသာ ပိုင်ဆိုင်သော လုပ်ငန်းဖြစ်ပြီး နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်ခွင့်မရှိကြောင်း ဝန်ခံကတိပြုထားပါသည်။

၁၂။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားရေးလုပ်ငန်း စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃) နှစ်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့် ပေးရမည်ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို တောင်းခံထားရာ ယင်းအသေးစိတ်ကို သီးခြားတင်ပြချက်တွင် ပူးတွဲတင်ပြထားပါသည်။

၁၃။ **ဆုံးဖြတ်ရန်အချက်။**

(က) ထူး မော်ကုမ္ပဏီလီမိတက်မှ နိုင်ငံတကာအဆင့်မီ "ချောင်းသာဦး" ကမ်းခြေဟိုတယ်တည်ဆောက်ဟိုတယ်လုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန်သဘောတူ-မတူ။

(ခ) သဘောတူပါကအထက်အပိုဒ်(၁၂)ပါအခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကို ခံစားခွင့်ပြုရန်သဘောတူ-မတူ။

အတွင်းရေးမှူး (ကိုယ်စား)

[မောင်မောင်ရီ၊ တွဲဖက်အတွင်းရေးမှူး]

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်။

* အေး * ၂-၁၂-၉၇

ပူးတွဲ

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၃ အရ၊ အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ ရရှိရေးအတွက် လျှောက်ထားချက်အပေါ် အောက်ပါအတိုင်း သုံးသပ်တင်ပြပါသည်။

- ဥပဒေပုဒ်မ ၁၃ (က) အရ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သော နိုင်ငံခြားငွေပမာဏအပေါ် မူတည်၍ ဝင်ငွေခွန် သက်သာခွင့်နှင့်ပတ်သက်၍ ကနဦး ရင်းနှီးမြှုပ်နှံမှုကာလအတွင်း နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံမှုပမာဏကို ဖော်ပြလျက်ကော်မရှင်သို့ လျှောက်ထားလာသည့်အခါစဉ်းစား ခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ဂ) အရ ဝန်ဆောင်မှုလုပ်ငန်းကြောင့်ပြည်တွင်း ပြည်ပဝင်ငွေတိုးတက်မှုရှိပါက သတ်မှတ်ချက်နှင့်အညီဝင်ငွေ ခွန်သက်သာခွင့်ကိုလုပ်ငန်းအကောင်အထည်ဖော်မှုအရ လျှောက် ထားလာသည့်အခါစဉ်းစား ခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ဃ) အရ ဝန်ဆောင်မှုလုပ်ငန်းအဖြစ်အကျိုး အမြတ်နည်းသည့်လုပ်ငန်းအပေါ် သင့်လျော်သော ကာလအထိ ဝင်ငွေခွန် သက်သာခွင့်တောင်းခံခြင်းကိုအကျုံးဝင်ခြင်းမရှိဟုသုံးသပ်ရပါသည်။
- ဥပဒေပုဒ်မ ၁၃ (စ) အရ လုပ်ငန်းမှ ရရှိသည့်အမြတ်ငွေကိုတစ် နှစ်အတွင်း ပြန်လည်ရင်းနှီးမြှုပ်နှံပါကထိုအမြတ်ငွေပေါ်တွင်ဝင် ငွေခွန်ကင်းလွတ်ခွင့်သို့မဟုတ်သက်သာခွင့်ကိုအမှန်တကယ်ပြန်လည် ရင်းနှီးမြှုပ်နှံမှုပြုသည့်အခါ လျှောက်ထားလာပါက ခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ဆ) အရ လုပ်ငန်းသုံး မတည်ပစ္စည်းများ အပေါ် တန်ဖိုးလျော့ငွေကိုသတ်မှတ်သည့်နှုန်း အတိုင်း နှစ်တိုတိုနှင့် မူလတန်ဖိုး ပြည့်မီသည်အထိအမြတ်ငွေမှ နုတ်ပယ်ခွင့်နှင့်ပတ်သက်၍ လျှောက်ထားလာသည့်အခါ ကော်မရှင်မှသတ်မှတ်သည့်နှုန်း အတိုင်း ခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ဇ) အရ ကနဦး ရင်းနှီးမြှုပ်နှံမှုကာလအတွင်း တင်သွင်းလာသည့်စက်ပစ္စည်းများ နှင့်ဆောက်လုပ်ရေးပစ္စည်း များ အပေါ် အကောက်ခွန်နှင့်အခြား ပြည်တွင်း အခွန်အကောက် များ ကင်းလွတ်ခွင့်ပြုသင့်ပါသည်။



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ၁၈ ဃ ၉၇/၃၈၈၀

ရက်စွဲ၊ ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာ လ ၅ ရက်။

အကြောင်းအရာ။ သဘောထားမှတ်ချက်တောင်းခံခြင်း ။

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၇-၁၁-၉၇ ရက်စွဲပါစာအမှတ်၊ ရက-၁/မ-၁၇၀/၉၇(၁၄၀၉)။

၁။ ဧရာဝတီတိုင်း၊ ပုသိမ်မြို့နယ်၊ ချောင်းသာကျေးရွာရှိ၊ မြေ(၃.၁)ဧက ပေါ်တွင်၊ ထူး မေ့ခ်ကုမ္ပဏီလီမိတက်မှ နိုင်ငံတကာအဆင့်မီဟိုတယ်တည်ဆောက်၍၊ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဟိုတယ်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုခြင်းအား၊ ဤဝန်ကြီးဌာနမှကန့်ကွက်ရန်မရှိပါကြောင်း ပြန်ကြားပါသည်။


၂။ သို့ရာတွင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဥပဒေအရ၊ ဟိုတယ်တည်ဆောက်ရာတွင်၊ ဤဝန်ကြီးဌာနသို့ခွင့်ပြုမိန့်နှင့်လုပ်ငန်းလိုင်စင်များလျှောက်ထားရယူရန်လိုအပ်ကြောင်းကို၊ သက်ဆိုင်ရာသို့အကြောင်းကြားပေးပါရန်၊ မေတ္တာရပ်ခံပါသည်။

ဝန်ကြီး (ကိုယ်စား)
(တင်ဖေအေး၊ ရုံးအဖွဲ့မှူး)

တွဲဘက်အတွင်းရေးမှူး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်။

မိတ္တူကို/- ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန။

/ပြီး



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ၄၀ ဃ ၉၇/ ၃၈၈၀

ရက်စွဲ၊ ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာ လ ၅ ရက်။

အကြောင်းအရာ။ သဘောထားမှတ်ချက်တောင်းခံခြင်း ။

ရည်ညွှန်းချက်။ မြန်မာနိုင်ငံ[illegible]နှံမှုကော်မရှင်၏ ၂၇-၁၀-၉၇ ရက်စွဲပါစာအမှတ်၊ ရက-၁/ မ-၁၇၀/ ၉၇(၁၄၀၉)။

၁။ ဧရာဝတီတိုင်း၊ ပုသိမ်မြို့နယ်၊ ချောင်းသာကျေးရွာရှိ၊ မြေ(၃.၁)ဧက ပေါ်တွင်၊ ထူး မောင်ကုမ္ပဏီလီမိတက်မှ နိုင်ငံတကာအဆင့်မီဟိုတယ်တည်ဆောက်၍ ၊ နိုင်ငံသားများရင်းနှီးမြှုပ်နှံမှု[illegible]နှင့်အညီ ဟိုတယ်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုခြင်းအား ၊ ဤဝန်ကြီးဌာနမှ ကန့်ကွက်ရန်မရှိပါကြောင်း ပြန်ကြားပါသည်။

၂။ သို့ရာတွင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဥပဒေအရ၊ ဟိုတယ်တည်ဆောက်ရာတွင်၊ ဤဝန်ကြီးဌာနသို့ခွင့်ပြုမိန့်နှင့်လုပ်ငန်းလိုင်စင်များလျှောက်ထားရယူရန်လိုအပ်ကြောင်းကို သက်ဆိုင်ရာသို့အကြောင်းကြားပေးပါရန်၊ မေတ္တာရပ်ခံပါသည်။

ဝန်ကြီး (ကိုယ်စား)
(တင်ဖေအေး၊ ဒုရုံးအဖွဲ့မှူး)

တွဲဘက်အတွင်းရေးမှူး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်။

မိတ္တူကို/ - ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန။

/ မြို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
၆၅၃/၆၉၇၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့

Telex 21368 INVEST BM
Fax : 095 - 01 - 82101

တယ်လီဖုန်း - ၇၂၀၀၉
- ၇၂၂၁၉
- ၇၂၈၇၀

စာအမှတ်၊ ရက-၁/မ-၁၇၇/၉၇(၁၄၀၉)။
ရက်စွဲ၊ ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်။

အကြောင်းအရာ။ ။သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ။

ရည်ညွှန်းချက်။ ။Htoo MAW Co., LTD. - ၏(၁၀-၁၁-၉၇) ရက်စွဲပါစာအမှတ်၊ ၀၀၁/ထမ/စီမံ-၉၇(၂၇၈)။

၁။ ထူးမော်ကုမ္ပဏီလီမိတက်သည် ပုသိမ်ခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထူးမော်ကုမ္ပဏီလီမိတက်အမည်ဖြင့်အသုံးပြုခွင့်ရရှိထားသော ဧရာဝတီတိုင်း၊ ပုသိမ်မြို့နယ်၊ ချောင်းသာကျေးရွာရှိမြေ(၃.၀)ဧက(၁၂၁၄၁.၂၇စတုရန်းမီတာ)တွင်နိုင်ငံတကာအဆင့်မီဟိုတယ်တည်ဆောက်၍ဟိုတယ်လုပ်ငန်းကိုမြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီဆောင်ရွက်ခွင့်ပြုပါရန်အတွက်ရည်ညွှန်းပါစာဖြင့် ဤကော်မရှင်သို့တင်ပြလျှောက်ထားလာပါသည်။ (ပူးတွဲ)

၂။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများအခန်း(၃)၊ အပိုဒ် ၁၁ ပါပြဋ္ဌာန်းချက်နှင့်အညီအဆိုပြုချက်ကိုစိစစ်ရာတွင်သက်ဆိုင်ရာအဖွဲ့အစည်းများ၏သဘောထားများကိုတောင်းခံရယူရန်လိုအပ်ပါသဖြင့်အဆိုပြုချက်ပါလုပ်ငန်းနှင့်စပ်လျဉ်း၍ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏သဘောထားမှတ်ချက်ကိုပြန်ကြားပေးပါရန်မေတ္တာရပ်ခံအပ်ပါသည်။

တွဲဖက်အတွင်းရေးမှူး(ကိုယ်စား)
(တိုက်ဝင်း၊ ညွှန်ကြားရေးမှူး)

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

ပူးတွဲ-(၁) အဆိုပြုချက်။
(၂) ဘဏ္ဍာရေးအချက်အလက်များနှင့်ပတ်သက်၍တွက်ချက်မှုဇယားများ။
(၃) ငွေရေးကြေးရေးအထောက်အထား။
(၄) "ချောင်းသာဦး" ကမ်းခြေဟိုတယ်လုပ်ငန်းအကျဉ်းချုပ်တင်ပြချက်။
(၅) မြေအထောက်အထား။

နိုင်၂၇-၁၁-၉၇။


HTOO MAW COMPANY LIMITED
No. 299-301, (1F), Pansodan Street, Kyauktada Township, Yangon, Myanmar
Tel : 286919, 284962 Fax : 0951-250280

စာအမှတ် ၊ ၀၀၁ / ထမ / စီမံ - ၉၇ (၅၇၀)
ရက်စွဲ ၊ ၁၉၉၇ ခုနှစ် ၊ ဒီဇင်ဘာလ (၁) ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့ ။

အကြောင်းအရာ။ ။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ၊ ရာဝတီတိုင်း ၊ ပုသိမ်မြို့နယ် ၊ ချောင်းသာကျေးရွာ ပင်လယ်ကမ်းခြေတွင် " ချောင်းသာဦး " နိုင်ငံတကာအဆင့်မီ ဟိုတယ်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ခွင့် ရရှိနိုင်ရေးအတွက် ခွင့်ပြုမိန့် ထုတ်ပေးပါရန် တင်ပြလျှောက်ထားခြင်း ။

လူကြီးမင်းခင်ဗျား -

၁။ ကျွန်တော်များ ထူးမော်ကုမ္ပဏီလီမိတက်အနေဖြင့် မြန်မာနိုင်ငံတွင် ခရီးသွားလာရေးလုပ်ငန်း ၊ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေး ၊ ဒေသခံပြည်သူလူထု ဝင်ငွေတိုးမြင့်လာရေး ၊ နိုင်ငံခြားဝင်ငွေတိုးမြင့်ရရှိရေး ၊လုပ်သားပြည်သူများ အပန်းဖြေခရီး သွားလာရေးများ အထောက်အကူပြုရန် ဦးတည်ချက်ဖြင့် ၊ ဧရာဝတီတိုင်း ၊ ပုသိမ်မြို့နယ် ၊ ချောင်းသာကျေးရွာတွင် နိုင်ငံတကာအဆင့်မီ ဟိုတယ်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ခဲ့ရာ ၊ ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ၊ ချောင်းသာပင်လယ်ကမ်းခြေတွင် မြေ (၃.၁) ဧကကို ၊ အနှစ် (၃၀) ငှားရမ်းခွင့်ရရှိခဲ့ပါသည်။

၂။ အထက်ဖော်ပြပါ မြေနေရာတွင် ပထမအဆင့်အနေဖြင့် ဟိုတယ်ဘန်ဂလိုများ တည်ဆောက်ပြီး ဟိုတယ်တည်းခိုရေး လုပ်ငန်းများကို မိမိအင်အားဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်ပါ၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ (၈) အရ ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရန် နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအခန်း (၇) အပိုဒ် - ၁၂ နှင့် အပိုဒ် - ၁၃ ပါ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့် များကိုပါ ခံစားခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါသည်။ အဆိုပြုလွှာ (၃၅) စောင် ကိုထပ်မံ ပေးပို့အပ်ပါသည်။

လေး စား စွာ ဖြင့်

(ကျော် ကျော် စိန်)
မန်နေးဂျင်းဒါရိုက်တာ
ထူးမော်ကုမ္ပဏီလီမိတက်

အမှတ်စဉ်	ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်	ဆောင်ရွက်ရန် / သိရန်
၁	၂	၃
၇။	ထူးမော်ကုမ္ပဏီလီမိတက် (Htoo Maw Co., Ltd.) မှ "ရွှေဝင်းသာဦး" နိုင်ငံတကာအဆင့်မီဟိုတယ်တည်ဆောက်ခြင်းနှင့်ဟိုတယ်လုပ်ငန်းများဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကိစ္စ။ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ရိုက ထူးမော်ကုမ္ပဏီလီမိတက်မှ "ရွှေဝင်းသာဦး" နိုင်ငံတကာအဆင့်မီဟိုတယ်ကြီးဆောက်လုပ်ခြင်းနှင့်ဟိုတယ်လုပ်ငန်းများဆောင်ရွက်ရန်အဆိုပြုချက်၏အဓိကအချက်အလက်များကိုရှင်းလင်းတင်ပြပါသည်။ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဦးမောင်မောင်ခင်က မော်တော်ယာဉ်တင်သွင်းမှုနှင့်ပက်သက်၍လုပ်ငန်းတည်ဆောက်ရေးကာလအတွင်း Mini Bus (တစ်) စီး၊ နှင့် Pick-up (တစ်) စီး၊ တို့ကိုအခွန်အကောက်ကင်းလွတ်ခွင့်ပြုရန်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်မှုကာလအတွင်း Mini Bus (တစ်) စီး၊ နှင့် Pick-up (တစ်) စီး တို့ကိုအခွန်အကောက် ၅၀% သက်သာခွင့်ပြုရန်လည်းကောင်း တင်သွင်းခွင့်ပြုသင့်ကြောင်း၊ မော်တော်ယာဉ်တစ်စီး၏တန်ဖိုးမှာအမေရိကန်ဒေါ်လာ ၂ သောင်းထက်မများသင့်ကြောင်း ပြောကြားပါသည်။ အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်က မော်တော်ယာဉ်များကိုပြည်ပမှဝယ်ယူတင်သွင်းရာတွင်ယာဉ်အမျိုးအစားနှင့် Model အလိုက်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသတ်မှတ်ထားသောစည်းကမ်းချက်များအတိုင်း တင်သွင်းရပါကြောင်းတင်ပြပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှညွှန်ကြားရေးမှူးချုပ် ဦးအောင်သိမ်းက ယခုဟိုတယ်တည်ဆောက်မည့်မြေ ၃.၁၈ ဧကမှာ ဥယျာဉ်ခြံမြေဖြစ်ပြီး လန ၃၉ ခွင့်ပြုမိန့်ကျပြီး၊ တိုင်းအထွေထွေအုပ်ချုပ်	၂၈-၁၁-၉၇ (၂၀/၉၇) ကြ/ဆို

အမှတ်စဉ်	ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်	ဆောင်ရွက်ရန် သိသိရန်
၁	၂	၃
	ရေး ဦး ဂိုး မှာနမူစရုံချုပ်ထား ပေး သော မြေဖြူ ကိုပါ ကြောင်းတင်ပြပါသည်။ **ဆုံးဖြတ်ချက်။** (၁) ထူး မော်ကုမ္ပဏီလီမိတက်မှ ``ချောင်းသာဦး`` နိုင်ငံတကာအဆင့်မီဟိုတယ်တည် ဆောက်ခြင်းနှင့် ဟိုတယ်လုပ်ငန်း များ ဆောင်ရွက်ရန်အဆိုပြု တင်ပြခြင်း ကို မူအား ဖြင့်သဘောတူသဖြင့် ကော်မရှင်အစည်း အဝေး သို့ဆက်လက်တင်ပြရန် (၂) မော်တော်ယာဉ်တင်သွင်း မှုနှင့်ပတ်သက်၍ လုပ်ငန်း တည်ဆောက်မှုကာလအတွင်း Mini Bus (၁၀) စီး နှင့် Pick-up (၁၀) စီး တို့ကိုအခွန်အကောက်ကင်း လွတ်ခွင့်ဖြင့်လည်းကောင်း၊ လုပ်ငန်း ဆောင်ရွက်မှုကာလအတွင်း Mini Bus (၁၀) စီး နှင့် Pick-up (၁၀) စီး တို့ကို အခွန်အကောက် ၅၀% သက်သာခွင့်ဖြင့် လည်း ကောင်း တင်သွင်း ခွင့်ပြုရန်၊	အတွင်းရေးမှူး

လုပ်ငန်း စီမံကိန်းအဆိုပြုချက်၏အဓိက အချက်များ
(မြန်မာနိုင်ငံသား များ ရင်း နှီး မြှုပ်နှံမှုဥပဒေအရ)

၁	ကုမ္ပဏီအမည်	ထူး မော်ကုမ္ပဏီလီမိတက် (Htoo Maw Co., Ltd.) (မြန်မာကုမ္ပဏီ၊ ၁၀-၂-၉၃ နေ့တွင်မှတ်ပုံတင်ပြီး)
၂	လုပ်ငန်း ကဆိုပြုသူအမည်	ဦး ကျော်ကျော်စိန်
၃	အဆိုပြုလုပ်ငန်း အမျိုး အစား	`` ချောင်း သာဦး `` နိုင်ငံတကာအဆင့်မီဟိုတယ်ကသ် ဆောက်လုပ်ခြင်း နှင့်ဟိုတယ်လုပ်ငန်းဆောင်ရွက်ခြင်း
၄	တည်နေရာ	မြေကွက်အမှတ် (ရ-၁၂) ၊ ကွင်း အမှတ် ၁၉၉၀ (ချောင်း သာကွင်း) ၊ ချောင်း သာကမ်း ခြေ၊ ချောင်း သာ ကျေး ရွာ အုပ်စု၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်း
၅	စုစု ပေါင်း ရင်း နှီး မြှုပ်နှံမှု	ကျပ် ၁၄.၇၉သန်း (US$ ၀.၀၃သန်း)
	- ငွေပမာဏ	ကျပ် ၀.၅၂ သန်း
	- စက်ပစ္စည်း ကိရိယာ	ကျပ် ၀.၂၀ သန်း (US$ ၀.၀၃သန်း)
	- အဆောက်အဦ	ကျပ်၁၃.၅၀ သန်း
	- ပရိဘောဂနှင့်လုပ်ငန်းသုံးပစ္စည်း	ကျပ် ၀.၅၇ သန်း
၆	မြေအကြောင်း အရာ	
	- မြေအကျယ်အဝန်း	၃.၁၈ဧက (၁၂၅၄၅.၂၇စတုရန်းမီတာ)
	- မြေပိုင်ဆိုင်မှု	ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦး စီးဌာနမှ ထူး မော်ကုမ္ပဏီလီမိတက်အမည်ဖြင့်အသုံး ပြုခွင့်ပေး ထား သော မြေ (လန ၃၉ ခွင့်ပြုမိန့်ရပြီး)
၇	ဝန်ဆောင်မှု	ညှိသည့် (၅၀) ဦး တည်း ခိုနိုင်သည့်အခန်း (၂၂) ခန်း ရှိမည့်ကစ်ထပ်ဘန်ဂလို (၅) ဆောင်

၈	တည်းခိုနှုန်း	
	- မြန်မာဧည့်သည်	၄၀ %
	- နိုင်ငံခြားသားဧည့်သည်	၁၀ %
၉	တည်းခိုခနှုန်း	ပုံမှန်နှစ်
	- ကျပ်ငွေဖြင့်	ကျပ် ၁၁၅၀
	- နိုင်ငံခြားငွေဖြင့်	US $ ၃၇
၁၀	ဝင်ငွေ	
	- ကျပ်ငွေဖြင့်	ကျပ် ၁၁.၅၀ သန်း
	- နိုင်ငံခြားငွေဖြင့်	US $ ၀.၁၀ သန်း
၁၁	အသားတင်အမြတ်	
	- ကျပ်ငွေဖြင့်	ကျပ် ၁.၄၇ သန်း
	- နိုင်ငံခြားငွေဖြင့်	US $ ၀.၀၅ သန်း
၁၂	နိုင်ငံတော်မှ ပုံမှန်နှစ်တွင်ရရှိမည့်အကျိုးအမြတ်	
	- ဝင်ငွေခွန် (ကျပ်သန်း)	၀.၆၃
	(US$သန်း)	၀.၀၂
	- ကုန်သွယ်လုပ်ငန်းခွန် (ကျပ်သန်း)	၁.၀၉
	(US $သန်း)	၀.၀၂
၁၃	တည်ဆောက်မှုကာလ	(၁၂)လ
၁၄	ဝန်ထမ်းအင်အား (ပြည်တွင်း)	(၂၅) ဦး

၁၅	အခြား	- ဂျက်ပန်ငွေသိန်း ကီရိယာကန်ဖိုး US $ ၀.၃၃၀ သိန်း ကိုဗီဗီအာစီအာစဉ်ဖြင့်တင်သွင်း မည်ဖြစ်ပါသည်။ ယင်း ဝေါဟာရင်း တွင် Van 4 Wheel Drive ပစ်ကပ် ၊ Wagon နှင့် Mini bus တစ်စီးစီဖြင့်စုစုပေါင်း (၅) စီး ပါဝင်ပါသည်။ - ၎င်းလုပ်ငန်း သည်မြန်မာနိုင်ငံသား များအသျှင်ပိုင်ကိုင်သောလုပ်ငန်းဖြစ်ပြီး နိုင်ငံခြားမှမည်သူမျှ ပိုင်ဆိုင်မှုမရှိကြောင်းကတိဝန်ခံချက် ပေး ထား ပါသည်။ - ပုသိမ်မြို့နယ် အေး ချမ်း သာယာ ရေး နှင့် ဖွံ့ဖြိုး ရေး ကောင်စီမှဆူး မော်ကူမူဏီ လီဗီကေတ်သို့တိုင်း မှ မြေချထား ပေး ခဲ့ပြီးဖြစ်ပါသဖြင့်ကန့်ကွက်ရန်မရှိပါကြောင်း ထောက်ခံတင်ပြထား ပါသည်။ - စုစုပေါင်း ရင်း နှီး မြှုပ်နှံမှုတွင်မတည် ငွေရင်း ကျပ် ၁၀.၀ သိန်း နှင့်အတိုး မဲ့ ကုမ္ပဏီယာရှင်များ ချေး ငွေကျပ် ၄.၇၉ သိန်း ပါဝင်ပါသည်။

အမှတ်စဉ်	ဆွေးနွေးချက်နှင့်ညှိနှိုင်းဆုံးဖြတ်ချက်	ဆောင်ရွက်ရန် သိသာရန်
၁	၂	၃
၈	ထူးမော်ကုမ္ပဏီလီမိတက် (Htoo Maw Co., Ltd.) မှ ချောင်းသာဦး နိုင်ငံတကာအဆင့်မီဟိုတယ်တည်ဆောက်ခြင်း နှင့်ဟိုတယ်လုပ်ငန်းများ ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကိစ္စ။ ဇော်မဂ္ဂင်၏ (၂-၁၂-၉၇) ရက်စွဲပါစာအမှတ်၊ ဇက-၆ (ခ)/၁၂၃/၉၇(၁၄၀၆)။ ညွှန်ကြားရေးမှူး ဦးသင်းမောင်ကအမှာစာကိုရှင်းလင်း တင်ပြပါသည်။ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်က စက်ပစ္စည်းများ ဝယ်ယူတင်သွင်းရန်ကိစ္စနှင့်စပ်လျဉ်း၍ Deferred Payment ဖြင့်ဝယ်ယူခြင်းကိုမေးမြန်းရာ ညွှန်ကြားရေးမှူး ဦးသင်းမောင်ကစက်ပစ္စည်းများဝယ်ယူရာတွင်ကိုယ်ပိုင်ငွေကိုယ်ပိုင်အစီအစဉ်ဖြင့်ဝယ်ယူမည်ဖြစ်ကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသို့ သဘောထားတောင်းခံထားကြောင်း ရှင်းလင်းတင်ပြပါသည်။ ဆုံးဖြတ်ချက်။ (၁) ထူးမော်ကုမ္ပဏီလီမိတက် (Htoo Maw Co., Ltd.) မှ ချောင်းသာဦး နိုင်ငံတကာအဆင့်မီဟိုတယ်တည်ဆောက်ခြင်း နှင့်ဟိုတယ်လုပ်ငန်းများ ဆောင်ရွက်ရန် ဇော်မဂ္ဂင်မှ မူအားဖြင့်သဘောတူ၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှသဘောထား ရရှိသည့်အခါအစိုးရ အဖွဲ့သို့ဆက်လက်တင်ပြရန်၊ (၂) လုပ်ငန်းနှင့်သက်ဆိုင်သည့်အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကိုခံစားခွင့်ပြုရန်။	အတွင်းရေးမှူး



HTOO MAW COMPANY LIMITED

No. 299-301, (1F), Pansoedan Street, Kyauktada Township, Yangon, Myanmar.
Tel : 286919, 284962 Fax : 0951 250280

စာအမှတ်၊ ၀၀၁ / ထမ / စီမံ - ၉၇ (၂၇၇)
ရက် စွဲ ၊ ၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ (၁၀) ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့ ။

အကြောင်းအရာ။ ။ ကတိခံဝန်ချက်ပြုလုပ်ခြင်းကိစ္စ

၁။ ရန်ကုန်မြို့ ၊ ကျောက်တံတားမြို့ နယ် ၊ ပန်းဆိုးတန်းလမ်း ၊ အမှတ် - ၂၉၉ / ၃၀၁ (ပ) ထပ် ရှိ " ထူးမော် ကုမ္ပဏီလီမိတက် " သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဧရာဝတီတိုင်း ၊ ပုသိမ်မြို့နယ် ၊ ချောင်းသာကျေးရွာတွင် "ချောင်းသာဦး" နိုင်ငံတကာအဆင့်မီ ဟိုတယ်တည်ဆောက်ခြင်း နှင့် ဟိုတယ်လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို သတ်မှတ်ထားသည့် စည်းကမ်းများအတိုင်း အကောင်ထည်ဖော်လျှက် ရှိနေပါသည် ။

၂။ ထိုသို့အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိသော လုပ်ငန်းတွင် ၊ နိုင်ငံခြားသားများပါဝင်ခွင့်နှင့် နိုင်ငံခြားသားပိုင်ဆိုင်မှု လုံးဝပါဝင်ခြင်း မရှိပါကြောင်း ကတိခံဝန်ချက် ပြုအပ်ပါသည်။

